## ပြည်တွင်း .mm Domain Name များကို အသုံးပြုခြင်းဖြင့် မည်ကဲ့သို့သော အကျိုးကျေးဇူးတွေ ရရှိနိုင်မလဲ။


- ပြည်တွင်း .mm Domain Name များကို အသုံးပြုခြင်းဖြင့် အဆိုပါ Website များတွင် ဖော်ပြသည့် သတင်းများ၊ အချက်အလက်များသည် ပိုမိုယုံကြည်စိတ်ချရခြင်း၊
- မမှန်မကန်သော သတင်းများ (Fake News) ဖော်ပြနိုင်ချေနည်းပါးခြင်း၊
- အသုံးပြုသူများ၏ အချက်အလက်များ ခိုးယူခြင်းနှင့် ခြိမ်းခြောက်ခြင်းများ ပြုလုပ်နိုင်မှု နည်းပါးခြင်း၊
- အကယ်၍ အဖျက်အမှောင့်လုပ်ငန်း၊ Hacking လုပ်ငန်းများ စသည်တို့ ဖြစ်ပွားလာပါက.mm Domain Name System ဖြင့် လွယ်ကူစွာ ရှာဖွေနိုင်ခြင်း၊
- အများပြည်သူများသို့ ဝန်ဆောင်မှုပေးနေသည့် Social ပိုင်းဆိုင်ရာ e-payment ၊ e-Commerce ဝန်ဆောင်မှု များတွင် “.com” ဖြင့် အဆုံးသတ်သော enterprises Domain Name များအစား “.mm” ဖြင့် အဆုံးသတ်သော Local Domain Name များအသုံးပြု ဆောင်ရွက်စေခြင်းအားဖြင့် ပြည်သူများအကြား ယုံကြည်မှုရှိရှိဖြင့် ဆောင်ရွက်နိုင်ခြင်း။

## .mm Domain တစ်ခုလျှင် နှုန်းထား မည်မျှရှိသနည်း။ Domain Name တစ်ခုအား မည်သည့်ကာလအထိ အသုံးပြုနိုင်သနည်း။

.mm Domain Name တစ်ခုလျှင် သက်ဆိုင်ရာ Registrar များမှ သတ်မှတ်ထားသည့် Registration Fee (၂၀,၀၀၀ ကျပ်မှ ၅၀,၀၀၀ ကျပ်) အတွင်းရှိ သတ်မှတ်နှုန်းထားဖြင့် ဝယ်ယူနိုင်မည်ဖြစ်ပါတယ်။

Domain Name တစ်ခု၏ သက်တမ်းမှာ တစ်နှစ်ဖြစ်ပြီး Domain Registration Life Cycle အရ သတ်မှတ်ရက်အတွင်း သက်တမ်းတိုး ဆောင်ရွက်ခြင်း မရှိသည့် Domain များသည် Registrar များမှ ၎င်းတို့၏ System တွင် ရပ်ဆိုင်းသွားမည်ဖြစ်ပြီး အဆိုပါ Domain Name နှင့် ပတ်သက်သည့် ဝန်ဆောင်မှုများအားလုံးသည်လည်း ရပ်ဆိုင်းသွားမည် ဖြစ်ပါတယ်။

Domain Registration Life Cycle




ရပ်ဆိုင်းထားသည့် Domain Name များအား ပြန်လည်အသုံးပြု၍ ရနိုင်စေရန် ရည်ရွယ်၍ Domain Registration Life Cycle အရ သက်တမ်းကုန်ဆုံးရက်မှ ရက်ပေါင်း (၄၅) ရက်အပါအဝင် Grace Period ကာလဖြစ်သည့် နောက်ထပ် ရက်ပေါင်း (၃၀) အထိ စောင်းဆိုင်းပေးမည်ဖြစ်ပြီး ထိုကာလအတွင်း Customer များအနေဖြင့် မိမိတို့၏ Domain Information အချက်အလက်များအတိုင်း ပြန်လည်အသုံးပြုလိုပါက သက်တမ်းတိုးမြှင့်ခနှုန်းထား အပါအဝင် Restoration Fees ( ၆၀,၀၀၀ ) ကျပ်ပါ တစ်ပါတည်း ပေးဆောင်ရမည်ဖြစ်ပါတယ်။

## Domain Name များကို မည်သူထံတွင် ဝယ်ယူ လျှောက်ထားလို့ရနိုင်မလဲ။

.mm Domain Name မှတ်ပုံတင်ဌာန (Registry) အဖြစ် ဆောင်ရွက်လျက်ရှိသည့် ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနမှ တရားဝင်ခွင့်ပြုထားသော Domain မှတ်ပုံတင်ခြင်း ဆောင်ရွက်ခွင့်ရှိသူ အောက်ပါ Registrar များထံတွင် ဝယ်ယူ၍ ရနိုင်ပြီး Registrar များထံသို့ ဆက်သွယ်လိုပါက လိပ်စာအသေးစိတ်အား www.ptd.gov.mm Website တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါတယ်-

| Sr No. | Domain Registrar | Website Link |
|---|---|---|
| 1. | Myanma Posts and Telecommunications | mpt.com.mm |
| 2. | Yatanarpon Teleport Public Co.,Ltd | www.ytp.com.mm |
| 3. | Myanmar Technology Gateway Co.,Ltd | www.mtg.com.mm |
| 4. | Global Technology Co.,Ltd | www.globalnet.com.mm |
| 5. | AGB Communication Co.,Ltd | www.agbcommunication.com.mm |
| 6. | Horizon Telecom International Co.,Ltd | www.hti.com.mm |
| 7. | Frontiir Co.,Ltd | https://order.myanmarnet.com/portal/#/sale/domain |


“ပြောင်းလဲတိုးတက်မြန်ဆန်လာတဲ့ နည်းပညာခေတ်တွင် ခေတ်ရေစီးကြောင်းနှင့်အတူ လိုက်ပါပြီး မိမိရဲ့ စီးပွားရေးလုပ်ငန်းနှင့် e-commerce နဲ့ ဆက်စပ်နေသည့် လုပ်ငန်းများအတွက် သတင်းအချက်အလက်များအား Website မှတစ်ဆင့် အသိပေးဖြန့်ဝေနိုင်ရေးအတွက် .mm Domain အသုံးပြုဖို့ အကြံပြုပါရစေ။”

## ဒိုမိန်း (Domain Name) ဆိုင်ရာ သိကောင်းစရာများ




“ဒီဂျစ်တယ်စီးပွားရေးဖွံ့ဖြိုးတိုးတက်စေဖို့ .mm ဖြင့် အွန်လိုင်းဝန်ဆောင်မှုကဏ္ဍမြှင့်တင်စို့”

ပြည်တွင်းဒိုမိန်းများဖြစ်သည့် .mm Domain Name များကို စိစစ်ခြင်းနှင့် စီမံခန့်ခွဲခြင်းလုပ်ငန်းများအား .mm Domain Name System ဖြင့် ဆောင်ရွက်လျက်ရှိပါတယ်။ System တည်ဆောက်မှုပုံစံအား လက်ရှိနိုင်ငံတကာတွင် အသုံးပြုနေသော Domain Model တစ်ခုဖြစ်သည့် **“Registry-Registrar-Registrant ( RRR Model )”** ပုံစံဖြင့် တည်ဆောက်ထားပါတယ်။





- Registry ဆိုသည်မှာ Domain Name များအား စိစစ်ခြင်းနှင့် ကြီးကြပ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ခွင့်ရှိသူကို ဆိုလိုခြင်း ဖြစ်ပါသည်။
- Registrar ဆိုသည်မှာ Domain Name မှတ်ပုံတင်ခွင့် ရရှိနိုင်ရေး ဆောင်ရွက်ခွင့်ရှိသူကို ဆိုလိုခြင်းဖြစ်ပါသည်။
- Registrart ဆိုသည်မှာ Domain Name များ အသုံးပြုသူ (End User) ကို ဆိုလိုခြင်းဖြစ်ပါသည်။

## ဒစ်ဂျစ်တယ်နည်းပညာဆိုတာက ဘာလဲ။

ဒစ်ဂျစ်တယ်နည်းပညာဆိုတာက လုပ်ငန်းအချက်အလက်များကို စာရွက်စာတမ်းနှင့် ဆောင်ရွက်ခြင်းမဟုတ်ဘဲ အင်တာနက်အကူအညီဖြင့် အွန်လိုင်းပေါ်တွင် အချက်အလက်များ သိမ်းဆည်းထားတဲ့ နည်းပညာကို ဆိုလိုခြင်းဖြစ်ပါတယ်။

## အင်တာနက်ဆိုတာက ဘာလဲ။

အင်တာနက်ဆိုတာကတော့ ကမ္ဘာ့တစ်ဝှမ်းရှိ စက်ပစ္စည်းများကို ချိတ်ဆက်ပေးသော ကမ္ဘာလုံးဆိုင်ရာကွန်ရက်ဖြစ်ပြီး လူတစ်ဦးနှင့်တစ်ဦး လျှင်မြန်စွာ ဆက်သွယ်နိုင်သော၊ စနစ်တစ်ခုနှင့်တစ်ခု ချိတ်ဆက်အလုပ်လုပ်နိုင်သော၊ ဒစ်ဂျစ်တယ်စီးပွားရေးလုပ်ငန်းများ အဆင်ပြေချောမွေ့စွာ ပြုလုပ်နိုင်ရန် အကူညီပေးနိုင်သော ဒစ်ဂျစ်တယ်နည်းပညာကွန်ရက်ကြီးတစ်ခု ဖြစ်ပါတယ်။




## ဝဘ်ဆိုဒ် ( Website ) ဆိုတာက ဘာလဲ။

ဝဘ်ဆိုဒ် ( Website ) ဆိုသည်မှာ မိမိတို့လုပ်ငန်းနှင့်ဆက်နွယ်သည့် ( စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး…) စတဲ့ အချက်အလက်များ၊ ဝန်ဆောင်မှုများ၊ သတင်းများကို အင်တာနက်အသုံးပြု၍ ဝဘ်ဆိုဒ် ( Website ) မှတစ်ဆင့် အလွယ်တကူ ဖတ်ရှု၍ သိရှိနိုင်သည့်နေရာတစ်ခု ဖြစ်ပါတယ်။ ဝဘ်ဆိုဒ်တစ်ခု တည်ဆောက်ရန် ဒိုမိန်းနှင့် ဆာဗာ ( Server ) များ လိုအပ်ပြီး ထိုအရာများအား ပေါင်းစပ်ခြင်းဖြင့် မိမိတို့လိုအပ်သော ဝဘ်ဆိုဒ်များ ရေးဆွဲအသုံးပြုနိုင်မည် ဖြစ်ပါတယ်။





## ဒိုမိန်း (Domain Name) ကို မည်သူတွေ အသုံးပြုကြသလဲ။

ယနေ့ခေတ်တွင် နည်းပညာများ တိုးတက်ပြောင်းလဲလာသည်နှင့်အမျှ ကမ္ဘာတစ်ဝှမ်း ဒိုမိန်းအသုံးပြုသူ ( User ) များမှာ လူဦးရေ သန်းနှင့်ချီပြီး ရှိသည့်အတွက် ဖွံ့ဖြိုးပြီးနိုင်ငံများအား ကြည့်မည်ဆိုပါက တရုတ်နိုင်ငံတွင် (၁၈) သန်း၊ United Kingdom တွင် (၁၁) သန်းကျော်၊ ဩစတေးလျနိုင်ငံတွင် (၄) သန်းကျော်ခန့် အသုံးပြုနေကြပြီဖြစ်ပါတယ်။

ထို့ကြောင့် အစိုးရအဖွဲ့အစည်းများ၊ ကုမ္ပဏီများ၊ စီးပွားရေးလုပ်ငန်းရှင်များမှ မိမိတို့၏ ဝန်ဆောင်မှုလုပ်ငန်းများကို Website များ အသုံးပြု၍ အွန်လိုင်းမှတစ်ဆင့် ဝန်ဆောင်မှုပေးခြင်းများ များပြားလာသည့်အတွက် Website များ အသုံးပြုမှု တွင်ကျယ်လာသည်နှင့်တစ်ပြိုင်နက် ဒိုမိန်းအသုံးပြုမှု ကဏ္ဍရပ်သည်လည်း အရေးပါလာရခြင်းဖြစ်ပါတယ်။

## ဒိုမိန်း (Domain Name) ဆိုတာ ဘာလဲ။




ဒိုမိန်း (Domain Name) ဆိုတာက အင်တာနက်သုံးစွဲသူများမှ ဝဘ်ဆိုဒ်လိပ်စာတခုကိုကြည့်ရှုလိုပါက မိမိတို့ ကြည့်ရှုလိုသည့် ဝဘ်ဆိုဒ်လိပ်စာ၏အမည် Domain Name ကို သိဖို့လိုအပ်ပါတယ်။ ဥပမာအားဖြင့် www.google.com သည် Google website ၏ ဒိုမိန်းဖြစ်ပါတယ်။ အဆိုပါ ဒိုမိန်း (Domain Name) ကို အင်တာနက်အသုံးပြုသူတွေက Website Browser Link Bar ပေါ်တွင် ရိုက်ထည့်ပြီးမှသာ ဝဘ်ဆိုဒ်ကို ဝင်ရောက်ကြည့်ရှုနိုင်မည်ဖြစ်ပါတယ်။

## Domain Name အမျိုးအစား သတ်မှတ်ချက်များက ဘာတွေလဲ။

Top -Level Domain အမျိုးအစားတွင်

1) Generic Top-Level Domains (gTLDs)
   (eg- .com ၊ .shop ၊ .net)
2) Country-Code Top-Level Domains (ccTLDs)
   (eg- .sg for Singapore ၊ .uk for United Kingdom ၊ .mm for Myanmar)
3) Internationalized Domain Names (IDNs)
   (eg. နိုင်ငံအလိုက် မိမိတို့၏ ဘာသာစကားဖြင့် အသုံးပြု၍ ရသည့် Domain Name)

ဟူ၍ အမျိုးအစား (၃) မျိုး ရှိပါသည်။

ယင်း Domain Name များအနက် နိုင်ငံကိုယ်စားပြု ccTLDs Domain Name များကို ကြည့်လိုက်သည်နှင့် မည်သည့်နိုင်ငံက ဒိုမိန်းအား အသုံးပြုထားကြောင်း သိရှိနိုင်သည့်အတွက် နိုင်ငံကိုယ်စားပြုသည့်အနေဖြင့် နိုင်ငံ၏ အမည်အတိုကောက် စာလုံး (၂) လုံး ပါဝင်သည့် မြန်မာနိုင်ငံ၏ .mm Domain Name များကို Registry System ဖြင့် ဦးစီးဌာနမှ ကြီးကြပ်ဆောင်ရွက်လျက်ရှိပါသည်။

ထို့ပြင် ဦးစီးဌာနမှ ထုတ်ပြန်ထားသည့် .mm Eligibility Criteria and Allocation Guidelines for Third Level .mm Domain Name ပါ သတ်မှတ်ချက်များအတိုင်း ဒိုမိန်းများကို အောက်ပါအတိုင်း အမျိုးအစား ခွဲခြားထားပါသည်-

| | |
|---|---|
| .gov.mm | ပြည်ထောင်စုအဆင့် အစိုးရဌာနများ ၊ ဝန်ကြီးဌာနများ ၊ တိုင်း နှင့် ပြည်နယ် အစိုးရ အဖွဲ့အစည်းများအတွက် အသုံးပြုခွင့်ပေးခြင်း၊ |
| .edu.mm | ပညာရေးဝန်ကြီးဌာနလက်အောက်ရှိ အခြေခံပညာကျောင်းများ၊ ကောလိပ်များ၊ တက္ကသိုလ်များနှင့် တည်ဆဲဥပဒေအရ တရားဝင် လိုင်စင်ရရှိထားသော ပုဂ္ဂလိက ပညာရေးအဖွဲ့အစည်းများအတွက် အသုံးပြုခွင့်ပေးခြင်း၊ |
| .org.mm | တည်ဆဲဥပဒေအရ ဖွဲ့စည်းတည်ထောင်ပြီး သက်ဆိုင်ရာအခွင့်အာဏာရှိသူထံမှ ထောက်ခံချက်ရယူထားသည့် အဖွဲ့အစည်းတစ်ရပ်ရပ်အတွက် အသုံးပြုခွင့်ပေးခြင်း၊ |
| .com.mm | တည်ဆဲဥပဒေအရတည်ထောင်ပြီးဖြစ်သော မြန်မာနိုင်ငံသား (သို့) နိုင်ငံခြားသားပိုင် ကုမ္ပဏီ၊ စီးပွားရေးလုပ်ငန်းဆိုင်ရာ အဖွဲ့အစည်းများအတွက် အသုံးပြုခွင့်ပေးခြင်း၊ |
| .net.mm | တည်ဆဲဥပဒေအရတည်ထောင်ပြီးဖြစ်သော မြန်မာနိုင်ငံသား (သို့) နိုင်ငံခြားသားပိုင် ကုမ္ပဏီ၊ စီးပွားရေးလုပ်ငန်းဆိုင်ရာ အဖွဲ့အစည်းများအတွက် အသုံးပြုခွင့်ပေးခြင်း၊ |
| .biz.mm | တည်ဆဲဥပဒေအရတည်ထောင်ပြီးဖြစ်သော မြန်မာနိုင်ငံသား (သို့) နိုင်ငံခြားသားပိုင် ကုမ္ပဏီ၊ စီးပွားရေးလုပ်ငန်းဆိုင်ရာ အဖွဲ့အစည်းများအတွက် အသုံးပြုခွင့်ပေးခြင်း၊ |
| hluttaw.mm | ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အတွင်းရှိ လွှတ်တော်အဖွဲ့အစည်းများအတွက် အသုံးပြုခွင့်ပေးခြင်း၊ |
| .msme.mm | အသေးစား၊ အငယ်စား ၊ အလတ်စား စီးပွားရေးလုပ်ငန်းများအတွက် အသုံးပြုခွင့်ပေးခြင်း ။ |